# ၃-၅။ ဘဏ်အကောင့်




## (၁) ဘဏ်အကောင့်ဖွင့်ခြင်း

- ဘဏ်တွင် ဘဏ်အကောင့်ဖွင့်ခြင်းလုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နိုင်သည်။ ဘဏ်ပေါ်မူတည် ၍ စာတိုက်ဖြင့်၊ စမတ်ဖုန်းအက်ပလီကေးရှင်းဖြင့်၊ ကွန်ပျူတာဖြင့်လည်း လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နိုင်သည်။ ပုံမှန်အားဖြင့် အဆိုပါလုပ်ထုံးလုပ်နည်းများ ပြီးစီး၍ နောက်တစ်နေ့တွင် Cash Cardကို စာတိုက်မှတစ်ဆင့် အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသည်။
- ဘဏ်တွင်ဘဏ်အကောင့်ဖွင့်ရန် အောက်ပါစာရွက်စာတမ်းများကို ယူဆောင်သွားရမည်။

> (၁) ကာယကံရှင်ဖြစ်ကြောင်းအတည်ပြုထားသည့် စာရွက်စာတမ်း (ဥပမာ-နေထိုင်ခွင့်ကတ်ပြား)
>
> (၂) တံဆိပ်တုံး (လက်မှတ်ထိုးခြင်းကိုခွင့်ပြုထားသည့်ဘဏ်လည်းရှိသည်။)
>
> (၃) ဝန်ထမ်းID (သို့) ကျောင်းသားID (မိမိတွင်မရှိလျှင်ကုမ္ပဏီမှလုပ်ဖော်ကိုင်ဖက် သို့မဟုတ် ကျောင်းမှ အတန်းဖော်ကို အတူခေါ်ဆောင်လာပါ။)

- ဂျပန်ဘာသာစကားဖြင့်ပြောဆိုဆက်ဆံရာ၌ အဆင်မပြေမှုများရှိလျှင် သင့်အားကူညီပေးနိုင်သော သူ (သင့်၏လုပ်ငန်းခွင် သို့မဟုတ် ကျောင်းမှရင်းနှီးသောသူ)အား စကားပြန်အဖြစ် ကူညီ ဆောင်ရွက်ပေးရန် တောင်းဆိုပါ။

## (၂) လိပ်စာနှင့် နေထိုင်ခွင့်ကာလ ပြောင်းလဲသွားပါက ချက်ချင်း ဘဏ်သို့အသိပေးခြင်း

- လိပ်စာနှင့် နေထိုင်ခွင့်ကာလ၊ နေထိုင်ခွင့်အရည်အချင်း၊ အလုပ်စသည့် အချက်အလက်များ အပြောင်းအလဲရှိပါက၊ အကောင့်ဖွင့်ထားသော ဘဏ်သို့ချက်ချင်းဆက်သွယ်ပါ။ တစ်ဖန် သင့်အချက်အလက်များတွင် အပြောင်းအလဲရှိမရှိ စစ်ဆေးရန်၊ ဘဏ်မှဆက်သွယ်လာခြင်းလည်းရှိသည်။
- လိပ်စာနှင့် နေထိုင်ခွင့်ကာလ၊ နေထိုင်ခွင့်အရည်အချင်း၊ အလုပ်စသည်တို့ ပြောင်းလဲသွားချိန်တွင် မဆက်သွယ်ခြင်း၊ ဘဏ်မှတောင်းဆိုသည့်အချက်များကို လုပ်ဆောင်မပေးခဲ့ပါက၊ အကောင့်ကို အသုံးမပြုနိုင်တော့ခြင်းများ ရှိသည်။

## (၃) အသုံးမပြုသောဘဏ်အကောင့်ကိုပိတ်ခြင်း

- မိခင်နိုင်ငံသို့ပြန်ခြင်း စသည့် အခြေအနေများကြောင့် ဘဏ်အကောင့်ကိုအသုံးမပြုတော့သည့် အခါ ဘဏ်အကောင့်ကို ပိတ်သွားပါ။ နီးစပ်ရာဘဏ်ခွဲများတွင် ဘဏ်အကောင့်ပိတ်ခြင်းလုပ်ထုံး လုပ်နည်းများ ပြုလုပ်နိုင်သည်။

* ဘဏ်အကောင့်(ဘဏ်ကတ်နှင့်ငွေစုစာအုပ်)ကို ရောင်းဝယ်ခြင်း၊ အခြားသူထံ လွှဲပြောင်းခြင်း သည် ရာဇဝတ်မှုမြောက်သဖြင့် လုံးဝမပြုလုပ်ရ။ ချိုးဖောက်လျှင် ၁နှစ်နှင့်အထက်အလုပ်နှင့် ထောင်ဒဏ် သို့မဟုတ် ၁,၀၀၀,၀၀၀ယန်းထက်မကျော်သော ငွေဒဏ်ဖြင့် အရေးယူခြင်းခံ ရမည်။